**VCAL ဆိုတာဘာလဲ?**

ဗစ်တိုးရီးယန်း လက်တွေ့အသုံးချ သင်ကြားမှုလက်မှတ် (VCAL) သည် Year 11နှင့် Year 12 တက်နေသော ကျောင်းသား ကျောင်းသူများအတွက် လက်တွေ့ကျကျအကူအညီပေးသည့် ရွေးချယ်စရာ နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

VCAL သည် မိမိဘဝနှင့် လုပ်ငန်းခွင်အတွက် အရေးကြီးသည့် လက်တွေ့ကျသော လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံအပြင် အရေးအဖတ်နှင့် အတွက်အချက်ကျွမ်းကျင်မှုများ၊ မိမိ၏ကိုယ်ရေး ကျွမ်းကျင်မှုများဖွံ့ဖြိုးရေးအတွက် အခွင့်အရေးများ ရစေသည်။ VCAL သည် ဗစ်တိုးရီးယန်းပညာရေးလက်မှတ် (VCE) ကဲ့သို့ပင် အကြီးတန်း အထက်တန်းကျောင်းကို အောင်မြင်စွာပြီးဆုံးကြောင်း အသိအမှတ်ပြုသည့် လက်မှတ်ဖြစ်ပါသည်။

VCAL ကျောင်းသားကျောင်းသူများသည် ရှေ့ဆက်ပြီး တက္ကသိုလ်၊ စက်မှုနှင့် ထပ်ဆင့်ပညာရေး (TAFE) များတွင် လေ့ကျင့်ရေး သင်တန်းတက်ခြင်း၊ အလုပ်သင် တက်ခြင်း၊ သို့မဟုတ် ကျောင်းပြီးချိန်တွင် အလုပ်လုပ်ကိုင်လိုခြင်းတို့ကို စိတ်ဝင်စားမှုရှိနိုင်သည်။ သို့သော်၊ သင်က VCAL စတက်နေပြီးမှ မိမိအတွက် VCE ကို ရွေးချယ်သင့်ကြောင်း ပြင်ဆင်ဆုံးဖြတ်ပါကလည်း သင့်ဆုံးဖြတ်ချက် ပြင်ရန် အချိန်နောက်မကျသေးပါ။

သင့်စိတ်ဝင်စားမှုနှင့် သင်ကြားရန်လိုအပ်ချက်များ ပြည့်စေသော သင်ကြားမှုကို VCAL ၏ ပြောင်းလဲပြုနိုင်စွမ်းက ပေးပါသည်။ အောက်ဖော်ပြပါ မသင်မနေရလမ်းကြောင်းအုပ်စုမျှင်များအတွက် အသိအမှတ်ပြု သင်ရိုးအစိတ်အပိုင်းများနှင့် ယူနစ်များကို ရွေးရမည်။

- စာအရေးအဖတ်နှင့် အတွက်အချက်ကျွမ်းကျင်မှု
- လုပ်ငန်းခွင်နှင့်ဆိုင်သော ကျွမ်းကျင်မှု
- သီးသန့် လုပ်ငန်းဌာန ကျွမ်းကျင်မှု
- ကိုယ်ရည်ဖွံ့ဖြိုးရေး ကျွမ်းကျင်မှု

အကယ်၍သင်က VCAL ကို အောင်မြင်စွာ ပြီးဆုံးခဲ့လျှင် သင်သည် အောင်လက်မှတ်နှင့်အတူ ပြီးဆုံးအောင် လေ့လာသင်ယူခဲ့သော ဘာသာရပ်များ အသေးစိတ်ဖော်ပြထားသည့် အောင်ရှုံးစာရင်းဖော်ပြချက်ကိုလည်း ရရှိပါမည်။

**ကျွန်ုပ် သိသင့်သောအချက်များ**

**မည်သည့်အတွက်ကြောင့် VCAL ကို တက်ရောက်သင်ကြားဖို့ ရွေးချယ်ရမှာလဲ?**

တက္ကသိုလ်တက်ပြီး ပညာသင်ကြားလိုသော ကျောင်းသားကျောင်းသူများအတွက် VCE သည် ကောင်းသောနည်းလမ်း ဖြစ်သော်လည်း သင့်အနေနှင့်မူ မရွေးချယ်သင့်ဟု ဆုံးဖြတ်ချင်ဆုံးဖြတ်ပေမည်။

VCAL သည် Year 11 နှင့် 12 များတွင် တက်ရောက်သင်ကြားပြီး ရရှိနိုင်သည့် အကြီးတန်း အထက်တန်းကျောင်း အရည်အချင်း အသိအမှတ်ပြု အောင်လက်မှတ်ဖြစ်သည်။ VCAL ကို "လက်တွေ့အသုံးချ သင်ကြားမှု" ဟုခေါ်သည့် လက်တွေ့ကျကျ လေ့လာ သင်ကြားခြင်းကို အခြေခံသည်။

အကယ်၍သင်က VCAL ကို တက်ရောက်ရန် ရွေးချယ်ပါက သင့်အနေနှင့် လုပ်ငန်းခွင်တွင် ရှေ့ဆက်သင်တန်းတက်ရန်ဖြင့်၊ TAFE တွင်ဖြင့်၊ လိုအပ်မည့် လက်တွေ့အတွေ့အကြုံနှင့် အလုပ်ခန့်ထားရန် သင့်တော်သည့် ကျွမ်းကျင်မှုများ ရရှိစေမည်ဖြစ်သည်။

**VCAL ကို ကျွန်ုပ် ဘယ်နေရာမှာ သင်ကြားနိုင်မည်လဲ?**

VCAL ကို ပြည်နယ်အနှံ့တွင်ရှိသောကျောင်းများ၊ TAFE ကောလိပ်များနှင့် လူမှုအဖွဲ့အစည်းအတွင်း သက်ကြီး ပညာသင်ကြားရေး (ACE) ဌာနများတွင် သင်ကြားနိုင်သည်။ VCAL ဝန်ဆောင်မှုပေးသူများစာရင်းကိုသိလိုပါက www.vcaa.vic.edu.au တွင် Search for Schools and Study ကို ဖွင့်ကြည့်ပါ။

**VCAL အဆင့်တွေက ဘာတွေလဲ?**

VCAL တွင် အခြေခံ၊ အလတ်တန်းနှင့် အထက်တန်းဟူ၍ အဆင့် သုံးဆင့်ရှိသည်။ သင့်ဆရာဆရာမ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေး အရာရှိက သင့်လိုအပ်ချက်များနှင့် မည်သည့်အဆင့်က အကိုက်ညီဆုံးဖြစ်သည်ကို ရွေးချယ်ရန် အကူအညီပေးပါလိမ့်မည်။

**သင်တန်းဝင်ဖို့ သတ်မှတ်ချက်တွေ ရှိပါသလား?**

မရှိပါ။ သင့်စွမ်းရည်အရ သင်လျော်သောအဆင့်မှာ VCAL ကို စရပါမည်။ မည်သည့်အဆင့်က သင့်အတွက် သင့်လျော်သည်ကို ဆုံးဖြတ်ရန် သင့်ဆရာဆရာမ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိက သင့်အား အကူအညီပေးပါလိမ်မည်။

**ကျွန်ုပ် VCAL ပြီးဆုံးအောင် ဘယ်လောက်ကြာ သင်ရမှာလဲ?**

VCAL ကို Year 11 နှင့် Year 12 ကျောင်းသားကျောင်းသူများအတွက် ပြုလုပ်ထားပါသည်။ သင်ရွေးချယ်သော VCAL အစီအစဉ်ကို ပြီးဆုံးအောင်မြင်သည့်အခါ VCAL အောင်လက်မှတ်နှင့်အတူ အောင်ရှုံးစာရင်းဖော်ပြချက်ကိုလည်း ရရှိပါမည်။ ကျောင်းသားကျောင်းသူ အများစုသည် VCAL ကို တစ်နှစ်အတွင်း ပြီးမြောက်ပါသည်။

**VCAL ကို အောင်မြင်စွာ ပြီးမြောက်ပြီးနောက် ကျွန်ုပ်ဘာရရှိမှာလဲ?**

အကယ်၍သင် VCAL ကို ပြီးဆုံးအောင်မြင်ပါက သင်ပြီးဆုံးအောင်သင်ကြားရန် ရွေးချယ်ထားသော VCAL အဆင့်ပေါ်မူတည်ပြီး အခြေခံ၊ အလတ်တန်း သို့မဟုတ် အထက်တန်း VCAL အောင်လက်မှတ်တစ်ခုခု ရရှိပါမည်။ သင့်အနေနှင့် အောင်မြင်ပြီးစီးခဲ့သော VCAL,VCE နှင့် အသက်မွေးဝမ်းကြောင်းပညာနှင့် လက်တွေ့သင်ကြားရေး (VET) ယူနစ်များအားလုံးကို ဖော်ပြထားသည့် အောင်ရှုံးစာရင်းဖော်ပြချက်ကိုလည်း ရရှိပါမည်။

**ကျွန်ုပ်၏ VCAL အတွက် ဘာတွေကို ထည့်တွက်သလဲ?**

**အသက်မွေးဝမ်းကြောင်းပညာနှင့် လက်တွေ့သင်ကြားရေး (VET) လက်မှတ်ဆိုတာ ဘာလဲ?**

အသက်မွေးဝမ်းကြောင်းပညာနှင့် လက်တွေ့သင်ကြားရေး (VET) သည် ကျောင်းသားကျောင်းသူများ အလုပ်အကိုင်ရရှိရေးနှင့် အနာဂါတ် လေ့ကျင့်သင်ကြားရေးတို့အတွက် ကြိုတင်ပြင်ဆင်ရန် ကျောင်းများ၊ လေ့ကျင့်သင်ကြားရေးဌာနများနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းရစေသည်။ အထက်တန်းကျောင်းအများစုက VCAL ကို ကျေနပ်ဘွယ်ရာ ပြီးဆုံးအောင် အထောက်အကူပြုသော VET သင်တန်းများဖွင့်ထားသည့်အပြင် နိုင်ငံတစ်ဝန်းလုံးမှ အသိအမှတ်ပြုသည့် အသက်မွေးဝမ်းကြောင်းပညာနှင့် လက်တွေ့သင်ကြားရေး အောင်လက်မှတ်ကိုလည်း ပေးပါသည်။

**ကျွန်ုပ် VET လက်မှတ်အတွက် စခဲ့ပြီးပါပြီ၊ ဒါကို ကျွန်ုပ် VCAL အတွက် ထည့်တွက်နိုင်မည်လား?**

တွက်နိုင်ပါသည်။ သင့်ဆရာဆရာမ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိနှင့် ယခင်က VCAL အတွက် သင်ကြားမှုများ မည်မျှအကြုံးဝင်ပြီး ကျန်ရှိနေသည့်သင်၏ VCAL အစီအစဉ်အတွက် စီမံရေးဆွဲရန် ဆွေးနွေးပါ။

**ကျွန်ုပ် VET ဘာသာရပ်တစ်ခု ပြီးခဲ့ပါပြီ၊ ဒါက ကျွန်ုပ်၏ VCAL တွင် ပါဝင်မည်လား?**

ပါဝင်ပါမည်။ သင့်မှာ VCE ယူနစ်အတွက် ကျေနပ်ဘွယ် ပြီးဆုံးအောင်မြင်သည့်အတွက် ‘S’ အဆင့်ကို ရခဲ့ပါလျှင် သင့် VCAL ရရှိရေးအတွက် အကြုံးဝင်ပါလိမ့်မည်။ သင့်ဆရာဆရာမသို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိကိုမေးပြီး ကျန်ရှိနေသေးသည့် သင့် VCAL အစီအစဉ်အတွက် တိုင်ပင်ဆွေးနွေးပါ။

**အကယ်၍ ကျွန်ုပ်စိတ်ပြောင်းလျှင် VCE သို့ ပြောင်းနိုင်သလား?**

အကယ်၍ဤသို့ဆောင်ရွက်လိုပါက သင့်ဆရာဆရာမသို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိနှင့် ဆွေးနွေးပါ။

**VCAL မှာ အမည်စာရင်းပေးပြီးနောက် ကျွန်ုပ် အချိန်ပိုင်းအလုပ်လုပ်လိုလျှင်၊ ထို့အပြင်/ဒါမှမဟုတ် အလုပ်သင် ဆက်ပြီး လုပ်နိုင်သလား?**

VCAL တွင် အမည်စာရင်းပေးသွင်းပြီးနောက် သင် အချိန်ပိုင်းအလုပ်ပါက ၎င်းကိုအသိအမှတ်ပြုပြီး အမှတ်တွက်ပေးပါသည်။
ထိုအလုပ်များတွင် -

- ကျောင်းတွင်ခြေခံသော အလုပ်သင်နှင့် လေ့ကျင့်ရေးသင်တန်း
- အချိန်ပိုင်းအလုပ်
- စံနစ်တကျစီစဉ်ထားသော အလုပ်ခွင်သင်ကြားရေး နေရာချထားမှုများ ပါဝင်နိုင်ပါသည်။

## VCAL ကို မည်ကဲ့သို့ စိစစ်အကဲဖြတ်သလဲ?

VCAL တွင် အသိအမှတ်ပြု သင်တန်းများ/အောင်လက်မှတ်များ ပါဝင်ပါသည်။ သင့် VCAL အစီအစဉ်ကို သင့်ဆရာဆရာမက အစီအစဉ်၏ အပိုင်းတစ်ခုစီအတွက် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ စိစစ်အကဲဖြတ်ပါသည်။

## ကျွန်ုပ် အထွေထွေအောင်မြင်မှု စာမေးပွဲ (GAT) ဖြေဖို့ လိုအပ်ပါသလား?

GAT ဆိုသည်မှာ အရေးအသား၊ သင်္ချာ၊ သိပ္ပံနှင့်နည်းပညာ၊ လူသားရေးရာ၊ လူမှုရေးသိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်များ သိရှိနားလည်မှုနှင့် ကျွမ်းကျင်မှုများကို စစ်ဆေးခြင်းဖြစ်သည်။ VCE ယူနစ် ၃ နှင့် ၄ အစီအစဉ်တစ်ခု သို့မဟုတ် ပိုမိုတက်ရောက်နေသော ကျောင်းသားကျောင်းသူ အားလုံးက ဖြေကြားကြသည်။ အမှတ်ပေးသော VCE VET ယူနစ် ၃ နှင့် ၄ အစီအစဉ်ကို တက်ရောက်နေကြသည့် ကျောင်းသားကျောင်းသူများလည်း GAT ဖြေကြားရန် လိုအပ်သည်။ VCAL ယူနစ်အတွက်များသာ စာရင်းပေးသွင်းထားသော ကျောင်းသားကျောင်းသူများသည် GAT ဖြေကြားရန် မလိုအပ်ပါ။ သို့သော်၊ သင့် အနာဂါတ် ပညာသင်ကြားရေး၊ လေ့ကျင့်ရေး သို့မဟုတ် အလုပ်အကိုင်ရရန် လမ်းကြောင်းအတွက် လိုအပ်မည်ဆိုပါက သင် GAT ဖြေကြားရန် ဆုံးဖြတ်နိုင်သည်။

## ကျွန်ုပ် ဘာတွေသင်ကြားရမည်?

သင့်ဆရာဆရာမသို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိ၏အကူအညီဖြင့် သင့် ပညာသင်ကြားရေးဆိုင်ရာ လိုအပ်ချက်များ၊ သင့် စိတ်ပါဝင်စားမှုများနှင့် သင့်တော်သော VCAL အစီအစဉ်ကို ရွေးချယ်နိုင်ပါသည်။ အောက်ဖော်ပြပါ မသင်မနေရ VCAL အုပ်စုမျှင် ၄ ခုစီမှ ယူနစ်များနှင့် သင်ရိုးအစိတ်အပိုင်းများကို သင်ရွေးချယ်နိုင်ပါသည်။

### အုပ်စုမျှင် ၁ - အရေးအဖတ်နှင့် အတွက်အချက် ကျွမ်းကျင်မှုများ

သင်၏ VCAL အစီအစဉ်တွင် အရေးအဖတ်နှင့် အတွက်အချက် ဘာသာရပ်များပါဝင်ရမည်။ ယင်းတို့ကို VCAL အရေးအဖတ် ကျွမ်းကျင်မှုနှင့် VCAL အတွက်အချက် ကျွမ်းကျင်မှုယူနစ်များ နှင့်/သို့မဟုတ် VCE အင်္ဂလိပ်ဘာသာနှင့် သင်္ချာ သို့မဟုတ် အထွေထွေပညာရေးလက်မှတ် (လူကြီးများအတွက်) ကဲ့သို့သော ရှေ့ဆက်ပညာရေးသင်ကြားမှုများတို့အထဲမှ ရွေးချယ်နိုင်သည်။

### အုပ်စုမျှင် ၂ - သီးသန့် လုပ်ငန်းဌာန ကျွမ်းကျင်မှုများ

သင့် VCAL အလတ်တန်း သို့မဟုတ် အကြီးတန်းအစီအစဉ်တွင် VET လက်မှတ်များမှ အစီအစဉ်များ ပါရှိရမည်။ သို့သော်လည်း၊ သင့်အနေနှင့် မည်သည့် VET လက်မှတ်တစ်ခုကိုမျှ စူးစိုက်သင်ကြားရန် သို့မဟုတ် ပြီးမြောက်ရန် မလိုအပ်ပါ။ ဥပမာ၊ VCAL လိုအပ်ချက်များကို ဖြည့်ဆီးရန် VET လက်မှတ်အမျိုးစုံမှ သင်ရိုးအစိတ်အပိုင်းများ၊ သို့မဟုတ် ယူနစ်များကို သင် ရွေးချယ်နိုင်ပြီး ကျယ်ပြန့်သော အသက်မွေးဝမ်းကြောင်းများမှလည်း အတွေ့အကြုံရယူနိုင်သည်။ VET တွင်ကျယ်ပြန့်စွာရွေးချယ်နိုင်ပြီး ဥပမာအားဖြင့် မော်တော်ယာဉ်လုပ်ငန်း၊ စက်မှုပညာ၊ အဆောက်အဦနှင့် ဆောက်လုပ်ရေး၊ ဧည့်ဝတ်လုပ်ငန်း၊ လက်လီရောင်းဝယ်ခြင်း၊ မီဒီယာ (ပြန်ကြားဆက်သွယ်ရေး) ပေါင်းစုံ၊ သတင်းနည်းပညာ၊ စိုက်ပျိုးရေး၊ သီးနှံပန်းမာလ်၊ ပစ္စည်းသိုလှောင်ရေးနှင့် ဆံသနှင့်အလှပြုပြင်ရေးတို့ ပါဝင်ကြသည်။

### အုပ်စုမျှင် ၃ - အလုပ်ဆိုင်ရာ ကျွမ်းကျင်မှုများ

အလုပ်ရရှိနိုင်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် VCAL က သင့်အား အသင့်စီစဉ်ထားပြီးဖြစ်သော အလုပ်ခွင်သင်ကြားရေး နေရာချထားမှုကိုသော်၎င်း၊ သို့မဟုတ် ကျောင်းတွင်အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းများ နှင့်/သို့မဟုတ် အချိန်ပိုင်းအလုပ်တို့ကိုဝင်း၊ ရွေးချယ်ခွင့်ပြုထားပါသည်။ သင် အလုပ်လုပ်ရန် ကြိုတင်ပြင်ဆင်မှုများဖြစ်စေသည့် ယူနစ်များနှင့် သင်ရိုးအစိတ်အပိုင်းများ၊ ဥပမာ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းဝေးရေး၊ သို့မဟုတ် အလုပ်အတွက် လူတွေ့မေးမြန်းခြင်း အတွေ့အကြုံတို့ကိုလည်း သင်ကြားနိုင်သည်။

### အုပ်စုမျှင် ၄ - ကိုယ်ရည်ဖွံ့ဖြိုးရေး ကျွမ်းကျင်မှုများ

သင့် VCAL အစီအစဉ် တစ်ပိုင်းတစ်စအနေဖြင့်၊ သင်သည် သင့်ဘဝနှင့် အလုပ်အကိုင်အတွက် အဖွဲ့လိုက် လုပ်ဆောင်နိုင်မှုစွမ်းရည်၊ မိမိကိုယ်မိမိ ယုံကြည်မှုနှင့် အခြား အရေးကြီးသော စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လူမှုအဖွဲ့အစည်း သို့မဟုတ် ကျောင်းကို အခြေခံသော စီမံကိန်းများနှင့် လုပ်ရှားမှုလုပ်ငန်းများတွင် ပါဝင်ရမည်ဖြစ်သည်။ ဥပမာ၊ သင့်နေရာဒေသမှ ကောင်စီက သစ်ပင်အုပ်နှင့် ကွင်းပြင်ရောနှောသည့်နေရာများကို ဖန်တီးရာတွင် သင့်ကျောင်းမှလည်း ပါဝင်နိုင်သည်။ ဤကဲ့သို့သော စီမံကိန်းတွင် ပါဝင်ဆောင်ရွက် အလုပ်လုပ်ရာမှ ရရှိသော သင့်အတွေ့အကြုံကို VCAL တွင် ထည့်တွက်နိုင်သည်။

## VCAL အောင်ပြီးနောက် ကျွန်ုပ်ဘာဖြစ်မြောက်မည်လဲ?

### ကျွန်ုပ် VCAL ကို အောင်မြင်စွာပြီးစီးပါက အထက်တန်းပညာရေးကို သင်ကြားနိုင်မည်လား?

အကယ်၍သင်က တက္ကသိုလ်သို့တန်းတက်ရန် စီစဉ်နေလျှင် VCAL ကို မရွေးချယ်သင့်ပါ။ အထက်တန်းပညာရေးကို တန်းတက်ရန် စီစဉ်နေကြသော ကျောင်းသားကျောင်းသူများသည် ပုံမှန်အားဖြင့် ဗစ်တိုးရီးယားပြည်နယ် အဆင့်မြင့်ပညာသင်ကြားရေး လက်ခံရာဌာန (VTAC) ထံမှ ဩစတြေးလျားနိုင်ငံ အဆင့်မြင့်ပညာသင်ကြားရေးအတွက် လက်ခံသည့်အဆင့် (ATAR) ရနိုင်စေရန် VCE ကို တက်ကြသည်။ အကယ်၍သင်က VCAL ကို အဆင့်မြင့်တန်းတွင်တက်ရောက်နေပြီး တက္ကသိုလ်သို့တက်ရန်ဆုံးဖြတ်ပါက အချို့သော တက္ကသိုလ်များက VCAL အထက်တန်းအောင်လက်မှတ်ကို အသိအမှတ်ပြုပြီး ဝင်ခွင့်ပေးရန်စဉ်းစားသည့်အတွက် သင့် ဆရာဆရာမ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိနှင့်တိုင်ပင်ပါ။ သို့သော်၊ ကျောင်းမှတက္ကသိုလ်သို့တန်းတက်ခြင်းသာ တစ်ခုတည်းသော နည်းလမ်း မဟုတ်ပါ။ အချို့သောသူများက TAFE တွင် အသက်မွေးဝမ်းကြောင်းပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းတက်ကြကာ ဒီပလိုမာ သို့မဟုတ် အဆင့်မြင့်ဒီပလိုမာကို ဦးတည်ကြပြီး နောက်မှ တက္ကသိုလ်ပညာရေးက မိမိတို့အတွက် အကျိုးရှိနိုင်သည်ဟု ဆုံးဖြတ်ကြသည်။ ဤကဲ့သို့သောလမ်းကြောင်းကို စတင်ရန် VCAL သည် ကောင်းသောနည်းလမ်းဖြစ်သည်။

### VCAL ပြီးဆုံးအောင်မြင်ပြီးနောက် ကျွန်ုပ်အတွက် ရွေးချယ်ဖို့နည်းလမ်း ဘာတွေရှိသလဲ?

VCAL သည် TAFE ကောလိပ်များနှင့် အလုပ်ရှင်များက အသိအမှတ်ပြုလိမ့်မည့် လုပ်ငန်းဆိုင်ရာ လက်တွေ့ အတွေ့အကြုံနှင့် အရည်အချင်းအသိအမှတ်ပြု လက်မှတ်တစ်ခုပေးမည်။ ယင်းတို့ကြောင့်သင်သည် ကျောင်းမှသည် လုပ်ငန်းခွင်လောကသို့ပြောင်းရန်ငင်း၊ အလုပ်သင်ရေးအတွက်ငင်း၊ သို့မဟုတ် သင်တန်းနှင့်/သို့မဟုတ် TAFE တွင် ဆက်လက်ပြီး သင်တန်းတက်နိုင်စေရေးအတွက်ငင်း၊ အထောက်အကူ ဖြစ်စေလိမ့်မည်။

အခြားသောနည်းလမ်းမှာ အကယ်၍သင်က သင့် VCAL လက်မှတ်အတွက် Year 11 တွင် အခြေခံအဆင့်တက်နေကာ ၎င်းကို အောင်မြင်ခဲ့လျှင် သင် Year 12 တွင် VCAL အလတ်တန်း သို့မဟုတ် အကြီးတန်းကို ပြီးဆုံးအောင်တက်ရန် စဉ်းစားနိုင်သည်။ ထိုသို့မဟုတ်ဘဲ တက္ကသိုလ်တက်ခြင်းသာ သင့်အတွက်အမှန်ကန်ဆုံးဟုဆုံးဖြတ်ကာ VCE သို့ ပြောင်းရွှေ့နိုင်သည်။

### VCAL က ကျွန်ုပ်ကို လုပ်ငန်းခွင်သို့ဝင်ရန် အဆင်သင့်ဖြစ်စေမည်လား?

အကယ်၍သင့် VCAL အောင်လက်မှတ်၏အစိတ်အပိုင်းအတွက် VET ယူနစ်များကိုပြီးဆုံးခဲ့ပါက လုပ်ငန်းရှင်များတန်းဖိုးထားသည့် စက်မှုလုပ်ငန်းဆိုင်ရာ  သတိရှိမှု၊ စက်ရုံအလုပ်ရုံများတွင် အသုံးပြုလေ့သော ပစ္စည်းကိရိယာများ၊ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းဝေးရေးစသည့် အသိပညာနှင့် ကျွမ်းကျင်မှုကို သင့်မှာ ဖွံ့ဖြိုးပြီးဖြစ်နေလိမ့်မည်။ ပြီးဆုံးအောင်မြင်သော VET ယူနစ်များကလည်း သင်သည် စက်မှုလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်အားထက်သန်ကြောင်း အလုပ်ရှင်ကိုပြသရန် အထောက်အကူပြုလိမ့်မည်။

VCAL အကြောင်း ပိုမိုသိလိုပါက ဗစ်တိုးရီးယားပြည်နယ် သင်ရိုးညွှန်းတမ်းများနှင့် စိစစ်အကဲဖြတ်ခြင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ထံ ၁၈၀၀ ၁၃၄ ၁၉၇ တွင်ဆက်သွယ်ပါ သို့မဟုတ် www.vcaa.vic.edu.au ကို ဖွင့်ဖတ်ပါ။